ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး


# အမိန့်ကြော်ငြာစာအမှတ်၊ ၈၈ /၂၀၁၅

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၅ ဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုသည့် ကုန်စည်စာရင်း (Negative List) အား ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာ၏ အပိုဒ် (၆) တွင် "ယခင် ထုတ်ပြန်ထားသည့် သွင်းကုန်လိုင်စင် ရယူရန် မလိုသော ကုန်စည်လိုင်း အချို့အား ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့မှစ၍ ရက်ပေါင်း (၉၀) ပြည့်မြောက်ပါက သွင်းကုန် လိုင်စင်လျှောက်ထား ရယူပြီးမှသာ တင်သွင်းခွင့်ပြုသွားမည် ဖြစ်ကြောင်း" ဖော်ပြခဲ့ပါသည်။

၃။ ဖော်ပြပါ သွင်းကုန်လိုင်စင်ပြန်လည် လျှောက်ထားရယူရမည့် ကုန်စည်လိုင်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) H.S 3102.50.00 ( Sodium nitrate )

( ခ ) H.S 3401.11.90 (other- for toilet use including medicated products)

( ဂ ) H.S 4015.11.00 ( Surgical )

၄။ သို့ဖြစ်ပါ၍ အဆိုပါ ကုန်စည်လိုင်း (၃) လိုင်းနှင့် အကျုံးဝင်သည့် ကုန်စည်များအား တင်သွင်းမည်ဆိုပါက ( ၃၀-၁၀-၂၀၁၅) ရက်နေ့မှစ၍ သွင်းကုန်လိုင်စင်လျှောက်ထားရမည် ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ စက - ၁၁ / ၁ - ၂၀ / ၂၀၁၅ ( ၁၈ )

ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

၂၁၉၊ ၁၅

ရန်နိုင်ထွန်း
ခေတ္တအမြဲတမ်းအတွင်းဝန်

၂၁၉